This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

Naga National Party CENTRAL နာဂအမျိုးသားပါတီ

Naga National Party

နာဂအမျိုးသားပါတီ
NAGA NATIONAL PARTY

ဗဟိုဌာနချုပ်၊ ဇက်လိန်း-ခန္တီးမြို့ ၊ စစ်ကိုင်းတိုင်းဒေသကြီး
ရွေး - ကြေညာ ၁ / န အ ပ - ဗ ဟ / ၂၀၂၀
၂၀၂၀ ပြည့် နှစ် ၊ စက် တင် ဘာ လ (၃၀) ရက်

## နာဂအမျိုးသားပါတီ၏
## အထွေထွေရွေးကောက်ပွဲကြေညာစာတမ်း(၂၀၂၀ ပြည့်နှစ်)

၁။ ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု တည်ဆောက်ရေး

၂။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး

၃။ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းစနစ်များကို ဖော်ထုတ်မြှင့်တင်ရေး

၄။ ဒေသရေစံမြေခံနှင့် ကိုက်ညီသည့် ရေရှည်တည်တံ့သော ဒေသဖွံ့ဖြိုးရေး

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

**နာဂအမျိုးသားပါတီ**

**NAGA NATIONAL PARTY**

**၁။ ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု တည်ဆောက်ရေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပေါက်ဖွားဖြစ်တည်ရာ ဇစ်မြစ်ဖြစ်သည့် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကြီးတွင် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည့် ပင်လုံစာချုပ်သည် ယနေ့ ကြုံတွေ့ ဖြတ်သန်းနေရသည့် နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းကျော်လွှားရန် အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ၎င်းစာချုပ်ပါ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် မြန်မာပြည်ရှိ တိုင်းရင်းသားများ လိုလားတောင့်တနေသည့် နိုင်ငံရေးပန်းတိုင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး အကျပ်အတည်းများသည် ပင်လုံစာချုပ်ပါ ကတိကဝတ်များအား အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်လျက်ရှိသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်သည် စစ်မှန်ပြီး၊ ရေရှည်တည်တံ့သော ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော အရေးကြီးအချက်ဖြစ်သည်ကို မိမိတို့ပါတီအနေဖြင့် အပြည့်အဝ ယုံကြည်၊ ရပ်တည်ပါသည်။

ကျွန်ုပ်တို့ပါတီအနေဖြင့် ၂၁ ရာစု ပင်လုံ - ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် လက်ရှိနိုင်ငံရေး အကျပ်အတည်းများကို ကျော်လွှားနိုင်စေမည့် နိုင်ငံရေးလမ်းကြောင်းအဖြစ် လက်ခံကြိုဆိုပြီး ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သည့် နိုင်ငံရေးပဋိပက္ခများအတွက် စစ်မှန်သည့် နိုင်ငံရေးအဖြေသည် မူလပင်လုံစာချုပ်ပါ အချက်များကို ထင်ဟပ်ရန်လိုအပ်ကြောင်းနှင့် သို့မှသာ ပင်လုံ၏ အနှစ်သာရကို ၂၁ ရာစု တွင် ပြန်လည်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။

မိမိတို့ နာဂအမျိုးသားပါတီအနေဖြင့် ဖယ်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုတည်ဆောက်ရေးတွင် တိုင်းရင်းသားညီကိုများနှင့် လက်တွဲပူးပေါင်းကာ တတ်နိုင်သည့် အခန်းကဏ္ဍမှ အားသွန်ခွန်စိုက်၊ ကြိုးပမ်း ဆောင်ရွက်သွားရန် ဆန္ဒအပြည့်အဝရှိပါသည်။ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ချီတက်ကြရာတွင် ဂုဏ်သိက္ခာရှိသော လူမျိုးတစ်ခုအနေနှင့် ပြည်ထောင်စုအကျိုးကို သယ်ပိုး စောင့်ထိန်းရန် နာဂလူမျိုး များအတွက် မိမိတို့၏ မူလရပိုင်ခွင့် အခွင့်အရေးဖြစ်သည့် ၁၉၄၇ ပင်လုံစာချုပ်အရ ပေါက်ဖွားလာသည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နာဂတောင်တန်းဒေသနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည်လည်း မဖြစ်မနေ လိုအပ်သော အချက်ဖြစ်ကြောင်းယုံကြည်ပါသည်။ နာဂအမျိုးသားပါတီအနေဖြင့် နာဂဒေသအရေးနှင့် နာဂလူမျိုးတို့၏ အမျိုးသားရပိုင်ခွင့်ဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ကိုယ်စားပြု၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



## ၂။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး

ပြည်မနှင့် တောင်တန်းကြား နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးတွင် ကွာဟလျက်ရှိသော အားနည်းချက်၊ အားသာချက်များကို နည်းပညာအခြေပြုလမ်းကြောင်းဖြင့် စနစ်တကျ ကုစားမှသာ တန်းတူမျှတပြီး၊ ရေရှည်တည်တံ့သည့် အခင်းအကျင်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ စစ်ပွဲများသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ပိုမိုအလှမ်းဝေးစေပြီး၊ နိုင်ငံရေးအကျပ်အတည်းများကို စားပွဲဝိုင်းယဉ်ကျေးမှုအားဖြင့် အဖြေရှာနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

စစ်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် နိုင်ငံသားများ ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးနှင့် ၎င်းတို့၏ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးသည်လည်း မိမိတို့နိုင်ငံ၏ လိုအပ်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အဟန့်အတားများဖြစ်စေသည့် နိုင်ငံရေးခံယူချက်များ၊ မလိုလားအပ်သော စိုးရိမ်မှုများ၊ လူမျိုးကြီးဝါဒနှင့် လုပ်ဆောင်ချက်များ၊ ဥပဒေများ၊ မူဝါဒများကို ပြန်လည်စိစစ်ကာ ယင်းအဟန့်အတားများကို ဖယ်ရှားကျော်လွှားကြရမည်ဖြစ်ပြီး စစ်မှန်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ပြင်းပြနိုင်မာသော နိုင်ငံရေးဆန္ဒဖြင့် လျှောက်လှမ်းရမည်ဖြစ်ပါသည်။ အရွယ်အစားနှင့်အင်အားကို အခြေမခံဘဲ လူသားဝါဒအပေါ်အခြေခံသည့် အပြန်အလှန်လေးစားခြင်း၊ အသိမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းနှင့် အားလုံးပါဝင်ခြင်းတို့သည် မိမိတို့မျှော်မှန်းနေသော စစ်မှန်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ရရှိနိုင်မည်ဖြစ်သည်။

## ၃။ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းစနစ်များကို ဖော်ထုတ်မြှင့်တင်ရေး

မိမိတို့ နာဂဒေသသည် ဌာနေတိုင်းရင်းသားအများစုနေထိုင်ရာဒေသဖြစ်သည့် အားလျော်စွာ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ရပ်တည်ကာကွယ်သွားရန်မှာ နာဂအမျိုးသားပါတီ၏ အခြေခံကျသော မူဝါဒဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဖြစ်တည်မှုအား အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ပါသည်။ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းစနစ်အရ မြေယာပိုင်ဆိုင်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောစီမံခန့်ခွဲမှုနှင့် သဘာဝသယံဇာတစီမံအုပ်ချုပ်မှုများကို လေးစားအသိမှတ်ပြုသည့် ဥပဒေများ အသက်ဝင်လာစေရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျား၊ မ တန်းတူအခွင့်အရေး၊ လူငယ်ကဏ္ဍနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကိုလည်း အစွမ်းကုန် ဆောင်ရွက်သွားမည်ဖြစ်သည်။ လွှမ်းမိုးဖိနှိပ်ခြင်းများ ခံခဲ့ရ၍ တိမ်ကောလာသည့် မိခင်ဘာသာစကားများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာပွဲတော်များ၊ ဓလေ့ထုံးတမ်းများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းကာ၊ သမိုင်းတွင်

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



ပိုင်ဆိုင်ခဲ့ကြသည့် အစဉ်လာကြီးမားပြီး ဂုဏ်သိက္ခာရှိသော လူမျိုးအဖြစ်ရပ်တည်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး၊ ဂုဏ်သိက္ခာရှိသောလူမျိုးမှသည် ပြည်ထောင်စုအကျိုးအတွက် စွမ်းစွမ်းတမံပါဝင်နိုင်မည်ဟု ယုံကြည် ပါသည်။

**၄။ ဒေသရေခံမြေခံနှင့် ကိုက်ညီသည့် ရေရှည်တည်တံ့သော ဒေသဖွံ့ဖြိုးရေး**

အဘက်ဘက်တွင် အားနည်းနေသေးသည့် နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လက်ရှိနိုင်ငံတော်၏ဘတ်ဂျက်တိုးမြှင့်ရရှိရေးနှင့် နိုင်ငံတကာထောက်ပံ့မှုများအား တိုးမြှင့်ရရှိနိုင်ရန် စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များ အဖွဲ့အစည်းများ၏ အကူအညီများရယူ၍ ဒေသနှင့်ကိုက်ညီသည့်နည်းပညာများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်သည်။ ဘက်စုံဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဖုန်းလိုင်းနှင့် အင်တာနက်ဆက်သွယ် ရေးတို့ကို ကျေးရွာများအားလုံး ရရှိခံစားနိုင်စေရန် ဦးစားပေး အကောင်ထည်ဖော်သွားမည်ဖြစ်သည်။ ကားလမ်းများကိုလည်း ဘတ်စ်ကားများသွားလာနိုင်သည့် လမ်းအူကြောင်းများ ဖောက်လုပ်ခြင်း၊ မြှင့်တင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေသခံတောင်သူများ၏ လူမှုဘဝ ဖူလုံရေးအတွက် လိုအပ်သည့်ဝင်ငွေများ တိုးမြှင့်လာစေရေး အတွက် ဒေသအလိုက်ထုတ်ကုန်းများကို သုတေသနများပြုလုပ်ကာ ဆောင်ရွက်အကောင်ထည်ဖော်သွားမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးဒေသထွက်ကုန် စသည်များကို တိုးမြှင့်လုပ်ဆောင် ပေးသွားမည်ဖြစ်ပြီး၊ လူသားဝါဒအပေါ်အခြေခံ၍ အခြေခံရပိုင်ခွင့် အခွင့်အရေးများကို လူတန်းစားခွဲခြားခြင်း မရှိဘဲ၊ ဒေသခံပြည်သူများအားလုံး ခံစားနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆုံးရှုံးမှုများ မဖြစ်ပေါ် စေရန် စီမံကိန်းအသီးသီးအတွက် သုတေသနများကိုအခြေခံကာ ထိရောက်သည့် အကောင်ထည်ဖော်မှု များဆောင်ရွက်သွားမည်။

လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်သည့်အနေဖြင့် ဆယ်တန်းအောင်၊ ဘွဲ့ရလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများတိုးမြှင့်ရရှိနိုင်ရန်၊ စီမံကိန်းတစ်ရပ်အနေဖြင့် ဖော်ဆောင်ကာ ဒေသတွင်းလိုအပ်ချက်များကို ဖြည့်ဆည်းသွားမည်ဖြစ်သည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသော သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆရာ/မဦးရေ ပြည့်မီစွာ ခန့်ထားနိုင်ရေးအတွက်လည်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘဝပေးအခြေအနေအမျိုးအမျိုးကြောင့် အခြေခံပညာ ပြီးဆုံးအောင် မတက်ရောက်နိုင်သည့် လူငယ်များအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ကာ အာမခံချက်ရှိသည့် အနာဂတ်များ ပိုင်ဆိုင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

**နာဂအမျိုးသားပါတီ**

**NAGA NATIONAL PARTY**

ကလေးငယ်များ၏ ဘဝအနာဂတ်များ ပိုမိုနိုင်မာစေရေးအတွက် အင်္ဂလိပ်ဘာသာစကား တတ်မြောက်စေရေးအတွက် မြို့ပေါ်ကျောင်းများ မှတဆင့် ကျေးရွာအဆင့်ကျောင်းများအထိ လေ့လာဆည်းပူးနိုင်စေရန် အစပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးများ တိုးမြှင့်ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်မမှ လာရောက်ကာ မိမိတို့နာဂဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် မိမိတို့ဒေသတွင် တာဝန်ကျသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် လက်ရှိရရှိခံစားနေသည့် ရှားပါးစရိတ်များတိုးမြှင့် ရရှိခံစားစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်။ ခက်ခဲသည့် မိမိတို့နာဂဒေသတွင် တာဝန်ထမ်းဆောင်သော နိုင်ငံ့ဝန်ထမ်းများ နေရာအပြောင်းအရွှေ့အများအတွက်သော်လည်းကောင်း ပြည်တွင်း၊ ပြည်ပ ပညာတော်သင် ဆက်လက်ဆည်းပူးလိုသည့် နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း မိမိတို့တတ်နိုင်သည့် နည်းလမ်းများဖြင့် အထူးကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကြုံတွေ့နေရသည့် မူးယစ်ဆေးသုံးစွဲသူများ၊ မူးယစ်ကျေးကျွန်ဘဝမှ လွတ်မြောက်စေရန်နှင့် မူးယစ်ဆေးဝါး ပျံ့နှံ့နေမှုများကို အထူးစီမံကိန်းတစ်ရပ်အဖြစ် ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

Kuknalim!

ဗဟိုကော်မတီ
နာဂအမျိုးသားပါတီ